http://www.dhammadownload.com


ကလေးငယ်ဘဝမှာ ပြောတဲ့စကားများဟာ အများအားဖြင့် ရိုးသားမှန်ကန်တတ်ကြပါတယ်။ ကလေးသူငယ်များဟာ လူကြီးများလို အယူဝါဒစွဲ မရှိကြသေးပါဘူး။ ဝါဒတစ်ခုပေါ်မှာ အယူမသန်ကြသေးပါဘူး။ သူတို့သိမြင်တဲ့အတိုင်း ပြောဆိုတတ်ကြတာ များပါတယ်။ ပြီးတော့ ကလေးငယ်ဘဝမှာ ဟိုဘက်ဘဝက အရှိန်အဟုန်ကလဲ မကုန်တတ်သေးဘူးလို့ ဆိုနိုင်ပါသေးတယ်။ ဒီဘက်ဘဝရဲ့ သာယာနှစ်သက်မှုတွေက မဖုံးလွှမ်းသေးမီ ဟိုဘက်ဘဝရဲ့ ဖြစ်ပျက်မှုတွေကို ပြန်မြင်ပြီး ပြောကြဆိုကြဟန် လက္ခဏာ ရှိပါတယ်။

ဒါပေမယ့် ဘဝဟောင်းက အကြောင်းတွေကို ပြန်ပြောပြသူတိုင်း အမှန်ချည်းပဲလို့လဲ မဆိုနိုင်ပါဘူး။ အချို့ကလေးများဟာ လူကြီးများကသင်ပေးလို့ ပြောဆိုလာကြတာလဲ ရှိပါလိမ့်ဦးမယ်။ အခြေအနေနဲ့ အကြောင်းအရပ်ရပ်တို့ကို ပညာဖြင့်ချင့်ချိန်ပြီး ယုံကြည်လက်ခံကြရမှာ ဖြစ်ပါတယ်။ ယုံကြည်လက်ခံသင့်တဲ့ "လူဝင်စား" အကြောင်းကို ထုတ်ဖော်တင်ပြရမယ်ဆိုယင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူခဲ့တဲ့ "ဘဝပြဿနာ" ဆိုတဲ့ ဟောကြားချက်ထဲမှ "ဖျာပုံသူလေးတစ်ဦး" ရဲ့ အကြောင်းကို ထုတ်ဖော်တင်ပြရပါလိမ့်မယ်။

## ဖျာပုံသူလေး

၁၉၅၆-ခုနှစ်က ဖျာပုံမြို့နယ် တောရွာတစ်ရွာမှ ၃-နှစ်ရွယ် ကလေးမလေးတစ်ယောက်ဟာ ရန်ကုန်မြို့သို့ သူ့မိဘများနဲ့ အတူ ဘုရားဖူးရောက်လာပါတယ်။ အဲဒီကလေးမဟာ ပါဠိပိဋကစာပေများကို ဌာန်ကရိုဏ်းကျကျ သွက်သွက်လက်လက် ဖတ်ပြနိုင်တာကို အံ့ဩစွာ တွေ့ရှိကြရပါတယ်။ကလေးမလေး

http://www.dhammadownload.com



နွားမတန်း အစွယ်လောက်မှာ မင်းတို့က ငါ့ကို သတ်စားကြတယ်။ အဲဒီအခါတုန်းက ဟောဒီစာရေးကြီးအဖေနဲ့ အမေတို့က အနီးအပါး ရောက်လာပြီး သနားသက်ညှာတဲ့စကားကို ပြောသွားတယ်။ အဲဒီနွားမဘဝကသေတော့ ဟောဒီအမေအဖေတို့ရဲ့ သားဖြစ်နေရတယ်၊ ယခု ဆန်တစ်လယ် အကြွေးဆပ်ဖို့ လာတယ်" စသည်ဖြင့် ပြောတယ်။ ပြောသမျှတွေကလဲ အကုန်လုံးအမှန်ချည်း ဖြစ်နေတယ်၊ ဒါကြောင့် ဦးညိုမှာ သူပြုမိတာတွေကို စဉ်းစားပြီးတော့ အင်မတန် ဝမ်းနည်းတဲ့အတွက် ငိုကြွေးရှာပါသတဲ့။

မှတ်ချက် ။ ။ ဒီဝတ္ထုဖြင့် သိစေလိုရင်းမှာ တဏှာမကင်းသေးယင် တဖန်ဘဝသစ် အမျိုးမျိုး ဖြစ်ရတယ်ဆိုတာ သိစေလိုရင်းပါပဲ။

အထက်ဖော်ပြပါ လူဝင်စားဝတ္ထုတွေကတော့ တကယ့်အဖြစ်မှန်ဝတ္ထုတွေ ဖြစ်ကြပါတယ်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက "ဓမ္မစကြာတရားတော်ကြီး"မှာ ထည့်သွင်း ဟောကြားထားတော်မူတဲ့ ဖြစ်ရပ် သာဓကဝတ္ထုတွေပါပဲ။

## အတိတ်ဝတ္ထု သာဓကရှု

အင်္ဂုတ္တရ အဋ္ဌကထာ (ဒု - ၁၈၉) မှာလာရှိတဲ့ အတိတ်လူဝင်စားဝတ္ထုတစ်ပုဒ်ကိုလည်း သာဓကရှုကြဖို့ တင်ပြပါဦးမယ်။

ရှေးကသီဟိုဠ်ကျွန်းတောရွာတစ်ရွာမှာ ဖခင်တစ်ယောက်နဲ့ သားနှစ်ယောက်တို့ ရှိခဲ့ကြပါတယ်။ သားနှစ်ယောက်အနက် အစ်ကိုကြီးဖြစ်သူက [illegible]

## မောင်မစ္စက မယ်မစ္စက

ရှေးက သောရေယျပြည်မှာ သူဌေးသား သောရေယျခေါ် မောင်မစ္စကဆိုတာ ရှိပါတယ်။ တစ်နေ့မှာ သူဟာ မိတ်ဆွေသူငယ်ချင်းများနဲ့ အတူ ဂင်္ဂါမြစ်ဆိပ်သို့ ရေချိုးရန် သွားပါတယ်။ လမ်းခရီးမှာ ဆွမ်းခံကြွတော်မူလာတဲ့ ရှင်မဟာကစ္စည်းမထေရ်မြတ်ကို တွေ့မြင်ရပါတယ်။

အဲဒီလို တွေ့မြင်တဲ့အခါ ရှင်မဟာကစ္စည်းမထေရ်မြတ်ရဲ့ ရုပ်အဆင်းသဏ္ဌာန်ပေါ်မှာ ကြည်ညိုမှုသဒ္ဓါမဖြစ်ပဲ တပ်မက်မှုတဏှာဖြစ်ကာ "ငါ့မယားလေးဖြစ်ပါမူကား ကောင်းလေစွ" လို့ စိတ်ဖြင့် ပြစ်မှားမိပါတယ်။ အဲဒီလို ပြစ်မှားလိုက်တဲ့အခါ မောင်မစ္စကခမြာ ယောကျ်ားအသွင် တမုဟုတ်ချင်း ကွယ်ပျောက်သွားပြီး မိန်းမအသွင်သို့ ချက်ချင်းရောက်ရှိသွားရပါတော့တယ်။

မောင်မစ္စကလဲ သူ့အဖြစ်ကို အလွန်တရာရှက်လှတာနဲ့ အတူပါလာတဲ့ မိတ်ဆွေသူငယ်ချင်းများကိုပင် အသိမပေးနိုင်ပဲ ဂင်္ဂါမြစ်ကမ်းနံဘေးအတိုင်း စုံမျှောပြီး ပြေးလာတဲ့အခါ တက္ကသိုလ်ပြည်သို့ ရောက်ရှိသွားပါတယ်။

တက္ကသိုလ်ပြည်သို့ ရောက်တဲ့အခါ သူဌေးသားတစ်ယောက်နဲ့ အကြောင်းဆက်ပေါင်းဖက်မိကြပြီး သားနှစ်ယောက်ပင် ဖွားမြောက်ခဲ့ရပါတယ်။ အဲဒီနောက် တစ်နေ့မှာ သောရေယျပြည်က ရောက်ရှိလာကြတဲ့ ကုန်သည်သူဌေးတွေက မယ်မစ္စကကို တွေ့ရှိမှတ်မိသွားကြပြီး အဖြစ်သနစ်ကို မေးမြန်းကြပါ

---

(၉) မယ်မစ္စက ဘဝတွင် သား ၂-ယောက် ဖွားမြောက်ခဲ့ရပုံ။

## ပြိတ္တာအမျိုးမျိုး

ပြိတ္တာတွေရဲ့ အမျိုးအစားနဲ့ ပတ်သက်ပြီး လောကပညတ္တိကျမ်းမှာ (၁၂)မျိုး ပြဆိုထားပါတယ်။ အဲဒါတွေကတော့ ၁။ တံတွေး နှပ်စားတဲ့ပြိတ္တာ၊ ၂။ အကောင်ပုပ်စားတဲ့ ပြိတ္တာ၊ ၃။ မစင်စားတဲ့ပြိတ္တာ၊ ၄။ ခံတွင်းမှ မီးလျှံထွက်တဲ့ ပြိတ္တာ၊ ၅။ အပ်နဖားမျှ ပါးစပ်ပေါက်ရှိတဲ့ ပြိတ္တာ၊ ၆။ ရေငတ် ထမင်းငတ် ...ပြိတ္တာ၊ ၇။ မီးလောင်ငုတ်တိုလို ခံရတဲ့ပြိတ္တာ၊ ၈။ ဓားနဲ့တူတဲ့ လက်ရှိတဲ့ပြိတ္တာ၊ ၉။ တောင်လုံးမျှ ကို...ခန္ဓာရှိတဲ့ပြိတ္တာ၊ ၁၀။ စပါးကြီးမြွေလို ကိုယ်ခန္ဓာရှိတဲ့ပြိတ္တာ၊ ၁၁။ ဗိမာန်ရှိတဲ့ပြိတ္တာ၊ ၁၂။ တန်ခိုး ကြီးတဲ့ပြိတ္တာမင်းတို့ ဖြစ်ကြပါတယ်။ အဌကထာငိုကာကျမ်းမှာလဲ ပြိတ္တာ ၄ မျိုး ပြဆိုထားပါသေးတယ်။ အဲဒါတွေကတော့ ၁။ သူတစ်ပါးပေးမှ စားရတဲ့ ပြိတ္တာ၊ ၂။ ထမင်းငတ် ရေငတ်တဲ့ပြိတ္တာ၊ ၃။ ပူပန်နေရ တဲ့ ပြိတ္တာ၊ ၄။ အသုရကာယ်တို့ဖြစ်ကြပါတယ်။

(သံဝေဂဝတ္ထုဒီပနီ)

## ပြိတ္တာမြင်ရတဲ့ဆေးမြစ်

တစ်ခါက သီဟိုဠ်ကျွန်းမှာ မြေဖုတ်ဘီလူးမ (ပြိတ္တာမ) တစ်ယောက်ဟာ သား ၂-ယောက်ကို ထူပါရုံဘုရား တံခါးအနီး၌ ထားခဲ့ပြီး အစာရှာဖို့ အနုရာဓမြို့တွင်းသို့ ဝင်ခဲ့ပါတယ်။ မြေဖုတ်ဘီလူးမဟာ

ဖြစ်ခဲ့တဲ့ ဗိမ္ဗိသာရမင်းက အလှူပေးတဲ့အခါ သင်တို့အား အမျှဝေလိမ့်မယ်။ ထိုအခါ သင်တို့ စားသောက်ကြရပေလိမ့်မယ်”လို့ မိန့်တော်မူခဲ့ကြတဲ့အတွက် သူတို့ဟာ အမျှော်လင့်ကြီး မျှော်လင့်စောင့်စားနေကြရရှာတယ်။ ဒါပေမယ့် မနေ့က သင်မင်းကြီး အလှူပေးတဲ့အခါတုန်းက အမျှမပေးဝေမိခဲ့လို့ သူတို့မရရှိကြတဲ့အတွက် ညအခါမှာ ဖောက်လွဲဖောက်ပြန် အသံကြီးများ၊ ကိုယ်ရုပ်ပုံသဏ္ဌာန်များကိုပြကာ သင်မင်းကြီးအား သတိပေးကြခြင်း ဖြစ်တယ်” လို့ မိန့်ကြားတော်မူပြီး ဗိမ္ဗိသာရမင်းကြီးအား ဆွေမျိုးပြိတ္တာတို့ကို ထင်ရှားစွာမြင်နိုင်အောင် တန်ခိုးတော်ဖြင့် ပြသတော်မူပါတယ်။

ဗိမ္ဗိသာရမင်းကြီးလဲ သင်္ကန်း ဆွမ်းတို့ကို ထပ်မံလှူဒါန်းပြီး “တပည့်တော်၏ ဆွေမျိုးပြိတ္တာတို့အား ရောက်ပါစေ၊ ရပါစေ”လို့ ရည်စူးအမျှပေးဝေလိုက်တဲ့အခါ၊ ဆွေမျိုးပြိတ္တာများက ဝမ်းသာအားရ သာဓုခေါ်ကြတဲ့အတွက် ချက်ချင်း ပြိတ္တာအဖြစ်မှ ကျွတ်လွတ်ကြရပြီး နတ်စည်းစိမ်များ ခံစားသွားကြရတယ်လို့ ဆိုပါတယ်။

[တိရောကုဍ္ဍပေတဝတ္ထု]

## စွဲလမ်းက ပြိတ္တာဖြစ်

သီရိဓမ္မာသောကမင်းကြီးဆိုယင် ဗုဒ္ဓသာသနာတော်ကြီးကို သူမ[illegible]အောင် ချီးမြှောက်ခဲ့တဲ့ သာသနာ့ ဒါယကာကြီး ဖြစ်ပါတယ်။ ကျောင်းတိုက် စေတီ ရေတွင်း ရေကန်ပေါ်[illegible] ရှစ်သောင်းလေးထောင်

(၁၃) ဗိမ္ဗိသာရမင်းကြီးအား ဆွေမျိုးပြိတ္တာများက ကြောက်မက်ဖွယ် ရုပ်ပုံသဏ္ဌာန်များဖြင့် ခြောက်လန့်နေကြပုံ။

တစ်နေ့မှာ ဆရာတော်ဟာ ၀တ်ရုံကျောင်းကြီးအပေါ်မှာ တရားရှုပွားတော်မူတဲ့အခါ၊ ကျောင်းရဲ့ ဖိနပ်ချွတ်မှာ ပြိတ္တာတစ်ဦးလာပြီး ပေထိုင်နေပါသတဲ့။ ဆရာတော်က "သင်ဘယ်သူလဲ"လို့ မေးတဲ့အခါ၊ "နန္ဒိယပါဘုရား . . . ကယ်တော်မူပါ"လို့ လျှောက်ပါသတဲ့။ နန္ဒိယဟာ ပထမတိုက်ကြပ်ဘုန်းကြီးဖြစ်ပြီး သီလစင်ကြယ်ခဲ့ပေမယ့် ပျံလွန်တဲ့အခါ ကိုယ်ခန္ဓာကိုစွဲလမ်းလို့ ပြိတ္တာဖြစ်နေပါသတဲ့။ ဆရာတော်လဲ ဒကာ, ဒကာမများကိုခေါ်ပြီး အလှူအတန်းပြုစေကာ အမျှဝေတဲ့အခါ နန္ဒိယဟာ ကိုယ်ရောင်ကိုယ်ဝါ လှပတောက်ပြောင်စွာနဲ့ လာ၍ "တပည့်တော် အထက်နတ်ပြည်သို့ သွားရပါ့မယ်ဘုရား"လို့ လျှောက်ထားပြီး ပျောက်ကွယ်သွားခဲ့ပါတယ်တဲ့။

[ညောင်လွန့်ဆရာတော်အတ္ထုပ္ပတ္တိ - မှ]

## သင်းချိုင်းတစ္ဆေများ

ရွှေကျင်ဆရာတော်ဘုရားကြီးဟာ သုသာန်သင်းချိုင်းသို့ သွားပြီး ကမ္မဋ္ဌာန်း ထိုင်လေ့ တရားစာ ရွတ်လေ့ရှိတော်မူပါတယ်တဲ့။ သုသာန်သင်းချိုင်းဆိုတာကတော့ လူသေများ မြှုပ်နှံသင်္ဂြိုဟ်ရာနေရာ ဖြစ်ပြီး၊ မြို့များရွာများ အနီးအနားမှာ တသီးတခြားထားရှိအပ်တဲ့အရပ် ဖြစ်ပါတယ်။ ဒါကြောင့် တစ္ဆေ သရဲ ပြိတ္တာများဟာ သုသာန်သင်းချိုင်းတို့မှာ များများစားစား နေထိုင်ကြဟန်တူပါတယ်။ ဆရာတော်ဘုရားကြီး တရားစာ

(၁၆) သုသာန်တွင် ဆရာတော်ကြီး ကမ္မဋ္ဌာန်းထိုင်နေစဉ် ပြိတ္တာကလေးများ ထွက်လာနေကြပုံ။

ဒါ့အပြင် သတ်ဖြတ်စားသောက်ခြင်းကိုပင် ခံကြရရှာပါသေးတယ်။ တောတောင် ပင်လယ် သမုဒ္ဒရာထဲမှာ ရှိကြတဲ့ တိရစ္ဆာန်တွေဆိုယင်လဲ အမြဲပဲ ထိတ်လန့်ကြောက်ရွံ့နေကြရပြီး တစ်ကောင်နဲ့ တစ်ကောင် နိုင်ရာ နိုင်ရာ သတ်ဖြတ်စားသောက်နေကြ၊ တချို့ အစာမစားရပဲ နေကြရနဲ့ ဒုက္ခပင်လယ်ဝေနေကြရရှာပါတော့တယ်။

ဒါကြောင့်လဲ အပါယ် ၄-ဘုံမှာ တိရစ္ဆာန်ဘုံတစ်ဘုံအဖြစ်ပါဝင်ထည့်သွင်း ရေတွက်ထားခြင်း ဖြစ်ပါတော့တယ်။

## ဘုရားရှင်လဲ ဖြစ်ခဲ့ရ

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသခင်ရဲ့ ဖြစ်တော်စဉ်ကို ပြန်ကြည့်မယ်ဆိုယင် ကံဇာတာညှိုးပြီး တိရစ္ဆာန်မျိုးမှာ ဖြစ်ခဲ့ရတဲ့ဘဝတွေ များစွာပင်ရှိခဲ့ကြကြောင်း တွေ့ရှိကြရပါလိမ့်မယ်။

"အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟင်္သာ ကိုးဖြစ်၊
ခြောက်ဖြစ်ကား ခို၊ ကျေးညိုသုံးခါ၊ သံသာကျူး ဟိတ်၊
ကရဝိက် ငါး၊ လေးကား ကိန္နရီ၊ စာမရီ ဆယ့်ငါး၊
မျောက်ကား တစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်" စသည်ဖြင့် တိရစ္ဆာန်ဘဝအမျိုးမျိုးတို့တွင် ဖြစ်တော်မူခဲ့ရကြောင်း အထောက်အထားသာဓက ပြဆိုလျက် ရှိကြပါတယ်။

http://www.dhammadownload.com



ဘုရားရှင်လက်ထက်တော်က ကုရုတိုင်း ကမ္မာသဒမ္မအရပ်မှာ သတိပဋ္ဌာန်တရား အားထုတ်မှုတွေ လွန်စွာများပြားခဲ့ကြပါတယ်။ အဲဒီအချိန် ... ကမ္မဋ္ဌာန်းကျောင်းတစ်ခုမှာ လူစကားနားလည်ပြီး ပီသစွာပြောနိုင်တဲ့ ကြက်တူရွေးတစ်ကောင်ရှိပါတယ်။ ကမ္မဋ္ဌာန်းကျောင်းသို့ ကချေသည်တစ်ဦး ဝင်ရောက်တည်းခိုခဲ့ပြီး ထွက်သွားတဲ့အခါ ကျန်နေရစ်ခဲ့တဲ့လိမ္မာတဲ့ ကြက်တူရွေးဖြစ်ပါတယ်တဲ့။ သူ့ကို သာမဏေရီမလေးတွေက မွေးမြူပြုစုထားပြီး "ဗုဒ္ဓရက္ခိတ"လို့ အမည်ပေးထားကြပါတယ်။

တစ်နေ့မှာ ကျောင်းအုပ် ထေရီမကြီးက "ဟေ့ ဗုဒ္ဓရက္ခိတ ဘာတရားကို နှလုံးသွင်းသလဲ"လို့ မေးပါသတဲ့။ ကြက်တူရွေးကလဲ "ဘာတရားကိုမှ နှလုံးမသွင်းပါဘူး အရှင်မ"လို့ ပြောတော့ "ရှင်ရဟန်းသူတော်ကောင်းတွေနေရာမှာ နေတဲ့သူဟာ ဘာတရားကိုမှ နှလုံးမသွင်းပဲနေလို့တော့ မသင့်လျော်ဘူး၊ ကမ္မဋ္ဌာန်းတစ်ခုခုတော့ နှလုံးသွင်းရတယ်၊ သင်ကတော့ များများ နှလုံးသွင်းနိုင်မှာ မဟုတ်ဘူး၊ အဋ္ဌိ - အဋ္ဌိ - အရိုးစု - အရိုးစုလို့ အဲဒါပဲ နှလုံးသွင်းနေပေတော့"လို့ ထေရီမကြီးက အဋ္ဌိက ကမ္မဋ္ဌာန်းကို ပေးထားပါတယ်တဲ့။ ကြက်တူရွေးလဲ အဋ္ဌိ၊ အဋ္ဌိလို့ မပြတ်နှလုံးသွင်းနေပါသတဲ့။

တစ်နေ့နံနက်ခင်းမှာ ဗုဒ္ဓရက္ခိတကြက်တူရွေးဟာ တံခါးတိုင်ပေါ်မှာ နေပူဇာလှုံနေတုန်း သိန်းငှက်တစ်ကောင်က သုတ်ချီသွားပါတယ်။ ဒီအခါ သာမဏေရီမလေးတွေက "ဗုဒ္ဓရက္ခိတကို သိန်းငှက်သုတ်သွား

(၂၃) ဗုဒ္ဓရက္ခိတ ကြက်တူရွေးလေးအား သိန်းငှက်က သုတ်ချီသွားပုံ။

၈။ အဝီစိတို့ ဖြစ်ကြပါတယ်။ ငရဲပြည်နယ်ကြီးက တစ်ခုတစ်ခုမှာလဲ ငရဲငယ် အခြံအရံတွေက ၂၀ စီလောက် ရှိကြပါတယ်။

ငရဲပြည်ရှိတဲ့နေရာကတော့ ဒီကမ္ဘာမြေကြီးရဲ့အောက်မှာ ယူဇနာပေါင်း တစ်သောင်း ငါးထောင်ကွာဝေးတဲ့အရပ်မှာ သိဉ္စိုင်းပြည်နယ်ကြီး တည်ရှိပြီး၊ အဲဒီကအောက် ယူဇနာ တစ်သောင်းငါးထောင်စီ အဆင့်ဆင့်ကွာခြားလျက် ငရဲပြည်နယ်များ တည်ရှိကြတယ်လို့ ဆိုပါတယ်။

ငရဲရောက်ရခြင်း အကြောင်း

သတ္တဝါတွေ ငရဲပြည်များသို့ ရောက်ရှိကြရပြီး ငရဲဆင်းရဲတွေကို ခံစားရကြတာတွေကတော့ အကုသိုလ်ကံတွေ အကျိုးပေးအားကြီးလို့ ဖြစ်ပါတယ်တဲ့။ အကုသိုလ်ကံတွေဆိုတာကတော့ ကာယကံ ၃ပါး၊ ဝစီကံ -၄ပါး၊ မနောကံ ၃-ပါးတို့ ဖြစ်ကြပါတယ်။

ကိုယ်ဖြင့် ပြုလုပ်တဲ့ မကောင်းတဲ့ အပြုအမူတွေကို ကာယကံ ကာယဒုစရိုက်လို့ ခေါ်ပါတယ်။ ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်း၊ ၃။ သူ့တပါးသားမယား ပြစ်မှားကျူးလွန်ခြင်း တို့ဖြစ်ကြပါတယ်။

---

(၂၄) ငရဲ၏ ဆင်းရဲဒုက္ခအပေါင်းကို ဘုရားလောင်း နေမိမင်းကြီးကိုယ်တိုင် မျက်ဝါး ထင်ထင် ရှုမြင်ခဲ့ရပုံ။

http://www.dhammadownload.com


ကို မပြုမိခဲ့ကြဘူး"။ သ-ဆိုတာကတော့ "ငါတို့ငရဲမှာတစ်ခါမြုပ်တစ်ခါပေါ်တာ အနှစ်ခြောက်သောင်းရှိသွားပြန်ပြီ၊ ဘယ်တော့ဆုံးမယ်မသိဘူး"။ န-ဆိုတာက "တို့ ဟိုတုန်းကမကောင်းမှုတွေများစွာပြုလုပ်မိခဲ့ကြတယ်၊ ဆုံးတော့မှာ မဟုတ်တော့ပါဘူး"။ သော-ရဲ့ အဓိပ္ပာယ်ကတော့ "ဒီတစ်ခါ လူ့ဘ၀ပြန်ရောက်ယင် ကုသိုလ်ချည်းပဲ လုပ်ပါတော့မယ်"စသည်ဖြင့် ရှင်းလင်းဟောကြားတော်မူခဲ့ပါတယ်။

မှတ်ချက်။ ။ ဒီဝတ္ထုမှာ သူဌေးသား ၄-ဦးရဲ့ ပြောကြား ညည်းတွားခဲ့ကြတဲ့စကားများကို အလေးထားပြီး လေ့လာကြည့်ကြဖို့ ကောင်းပါတယ်။ ငရဲဘုံမှာ တကယ်ခံစားကြရပြီး နောင်တတရားများဖြင့် ပြောကြားခဲ့ကြတာကို သံဝေဂယူကြဖို့ကောင်းလှပါတော့တယ်။

## အထင်အမြင်မှား ငရဲလား

အခါတစ်ပါးမှာ ဒဏ္ဍကီမင်းရဲ့ နိုင်ငံမှာ ကိသဝစ္ဆဆိုတဲ့ ရသေ့တစ်ပါးဟာ မင်းရဲ့ ဥယျာဉ်မှာ သီတင်းသုံးလျက် ရှိခဲ့ပါတယ်။ အဲဒီဥယျာဉ်ထဲမှာ ဘုရင်ကရာထူးချထားခြင်းခံရတဲ့ ပြည့်တန်ဆာမ တစ်ယောက်လဲ ရှိနေပါတယ်။ အဲဒီပြည့်တန်ဆာမက ရသေ့ကိုမြင်တွေ့တဲ့အခါ "ဤသူဟာ သူယုတ်မာဖြစ်လိမ့်မယ်"လို့ အထင်မှားသွားပါတယ်။ ပြီးတော့ "သူရာထူးချထားခံရတာဟာ မကောင်းမှု အညစ်အကြေးတွေရှိလို့သာဖြစ်မယ်၊ ဒီအညစ်အကြေးတွေကို ရသေ့အပေါ်မှာမျှောပစ်မယ်"ဆိုပြီး ဒန်ပူဝါးထားတဲ့ တံတွေး

(၂၇) ဘုရင်နှင့်စစ်သည်များက ရသေ့၏ ဆံကျစ်ပေါ်သို့ ဒန်ပူများ ပစ်ချသွားကြပုံ။

http://www.dhammadownload.com


လည်ဖောက်သည်ချ ဟောကြားတော်မူခဲ့ပါတယ်။

ဒါကတော့ လူတွေ ယုံကြည်သဒ္ဓါ တိုးပွားကာ အကျိုးများဖို့၊ အကုသိုလ်တွေ ရှောင်ပြီး ကုသိုလ် တရားတွေ ဆောင်ကြဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တကူးတက အပင်ပန်းခံပြီး ကြွခဲ့တာ၊ ပြန်လည်ဟောကြား တော်မူခဲ့တာ ဖြစ်ပါတယ်။

## ဥပေါသထာ နတ်သမီး

တစ်ခါက အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးဟာ တာဝတိံသာ နတ်ပြည်တစ်နေရာသို့ ရောက်ရှိတဲ့အခါ ကိုယ်ရောင်ကိုယ်ဝါ တောက်ပလှတဲ့ နတ်သမီးလေးတစ်ပါးကို တွေ့ရှိခဲ့ရပါတယ်။

အဲဒီအခါ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက "အို . . . နတ်သမီးလေး၊ သင့်ကိုယ်က အရောင် အဝါတွေဟာ သောကြာကြယ်လိုတောက်ပတင့်တယ်လှပါတယ်။ သင်ဟာ ရှေးဘဝက ဘယ်ကုသိုလ် ကောင်းမှုကြောင့် ယခုလို နတ်သမီး ဖြစ်လာရပြီး နတ်စည်းစိမ်တွေ ခံစားရတာပါလဲ"လို့ မေးတော်မူခဲ့ ပါတယ်။ နတ်သမီးလေးက "တပည့်တော်မဟာ ယခင်လူ့ဘဝက ကောသလတိုင်း သာကေတမြို့မှာ ဖြစ် ခဲ့ရပြီး ဥပေါသထာလို့ အမည်ရှိခဲ့ပါတယ်။ ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေကို ကြားနာ ခဲ့ရပြီး၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို ယုံကြည်သဒ္ဓါ ထက်သန်လှစွာဖြင့် ဆည်းကပ်ကိုးကွယ်တဲ့

(၃၂) ဥပေါသထာနတ်သမီးလေးက သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းလျှောက်ထားနေပုံ။

http://www.dhammadownload.com



ဖြစ်ပါတယ်။ ဒီ ပထမဇောက အကျိုးပေးယင် ဒီဘက်ဘ၀မှာပဲ အကျိုးပေးပြီး၊ ဒီဘ၀မှာ အကျိုးပေးခွင့်မရ
ယင် အဟောသိကံ ဖြစ်သွားပါတယ်။ အလကား ဖြစ်သွားတယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ခုနစ်ကြိမ်မြောက်ဖြစ်တဲ့ သတ္တမဇောကလဲ အကြောင်းညီညွတ်ယင် သေခါနီးအချိန်မှာ ကံ, ကမ္မ
နိမိတ်, ဂတိနိမိတ်တွေ ထင်လာပြီးတော့ အခြားမဲ့ ဒုတိယဘ၀မှာ အကျိုးပေးပါတယ်။ အဲဒီလို ဒုတိယဘ၀မှာ
အကျိုးပေးတဲ့ ကံကို "ဥပပဇ္ဇဝေဒနိယကံ"လို့ ခေါ်ပါတယ်။ ဒုတိယဘ၀မှာ အကြောင်းမညီညွတ်လို့ အကျိုး
ပေးခွင့်မရယင်တော့ အဲဒီ သတ္တမဇောလဲ အကျိုးမပေးတော့ပဲ အဟောသိကံ ဖြစ်သွားရပါတယ်။

အလယ်ဇော ၅-ချက်ကတော့ တတိယဘ၀ကစပြီး နိဗ္ဗာန်မရမီစပ်ကြားမှာ အကြောင်းညီညွတ်
တိုင်း တစ်ချိန်ချိန်မှာ အကျိုးပေးလေ့ရှိပါတယ်။ ဒါကြောင့် အဲဒီ အလယ်ဇော ၅-ချက်ကို "အပရာပရိယ
ဝေဒနိယကံ"လို့ ခေါ်ပါတယ်။ နိဗ္ဗာန်ရတဲ့အခါမှာတော့ အဲဒီ ဇောတွေလဲ အဟောသိကံ ဖြစ်သွားပါတော့
တယ်။

ဒီ ဇော ခုနစ်ကြိမ်ဖြစ်စဉ်ဟာ ကုသိုလ်ဘက်မှာရော အကုသိုလ်ဘက်မှာပါ သူ့ဖြစ်စဉ် အတိုင်း
အခါအခွင့်သင့်ယင် အကျိုးပေးလေ့ရှိကြပါတယ်။

http://www.dhammadownload.com

# နိဂုံးအမှာ

အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဤလောက၌ လူအပေါင်းတို့သည် ပညာမျက်စိမရှိကြသဖြင့် အကန်းသဖွယ် ဖြစ်၍နေကြကုန်၏။ ဤလောက လူအပေါင်းတို့တွင် အနည်းငယ်မျှသာလျှင် အနိစ္စ ဒုက္ခ အနတ္တ စသည်ဖြင့် ရှုမြင်နိုင်ကြ၏။ ငှက်မုဆိုး၏ ပိုက်အတွင်းမှ လွတ်မြောက်သွားသော ငှက်သည် နည်းပါးလှဘိသကဲ့သို့ အနည်းငယ်သော သူသည်သာလျှင် လူပြည် နတ်ပြည် နိဗ္ဗာန်ဆီသို့ သွားရောက်နိုင်ကြပါပေသတည်း။

[ဓမ္မပဒ၊ ပေသကာရဓီတာ ဝတ္ထု]

## လူဖြစ်လာရ ခုဘဝ

ပုထုဇဉ်သတ္တဝါမှ ်သမျှဟာ မောဟအဝိဇ္ဇာဖုံးလွှမ်းကြတဲ့အတွက်ကြောင့် လူ့ရွာ နတ်ပြည် နိဗ္ဗာန်ဆီသို့ ရောက်ရှိကြရန်မှာ ပွန်စွာနည်းပါးလှပါတော့တယ်။ ယခုဘဝမှာ နတ်ပြည် နိဗ္ဗာန်ရောက်ရန်အရေး အခွင့်မကြုံသေးသော်လဲ အင်မတန် ရခဲလှတဲ့ လူ့ဘဝကို ရရှိလာကြခြင်းဟာ ကုသိုလ်ကံအကျိုးပေး မသေး

